**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**နေပြည်တော်**

စာအမှတ်၊ ၅၂ /အခန/အခ - ၁၃(၁) /၂၀၁၄

ရက် စွဲ ၊ ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်

သို့

------------------------------

------------------------------

အကြောင်းအရာ။ **မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝှမ်း ဘက်စုံပေါင်းစည်း စီမံခန့်ခွဲမှု အဆိုပြု စီမံကိန်းတွင် ဘေးအန္တရာယ်မှ ကာကွယ်ရေးဆိုင်ရာ အကြံပြုဆွေးနွေးပွဲ ဖိတ်ကြားခြင်း**

ဧရာမြစ်ဝှမ်း ဘက်စုံပေါင်းစည်း စီမံခန့်ခွဲမှု (AIRBM) အဆိုပြု စီမံကိန်း အကြံပြု ဆွေးနွေးပွဲများကို ပါဝင်ဆွေးနွေးပေးပါရန် လူကြီးမင်းတို့ကို ကျွန်တော်တို့မှ ဖိတ်ကြားလိုပါသည်။ အဆိုပါ ဆွေးနွေးပွဲ အစည်းအဝေးကို မေလ (၁၆)ရက် ၊ သောကြာနေ့ နေ့လည် (၂း၀၀)နာရီမှ (၄း၀)နာရီထိ မန္တလေးမြို့ ၊ Mandalay Hill Resort ဟိုတယ် ၊ အနော်ရထာခန်းမတွင် ကျင်းပသွားမည် ဖြစ်ပါသည်။ ဆွေးနွေးပွဲကို ပို့ဆောင်ရေးဝန်ကြီးဌာန ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DWIR) က ဦးဆောင်ကျင်းပသွားမည် ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ (၁) AIRBM အဖွဲ့သည် စီမံကိန်းတိုးတက်သည့် အခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို ရှင်းပြရန် ၊ (၂) NGO များနှင့် လူမှုအဖွဲ့အစည်းများ၏ အကြံပြုတုံ့ပြန်ချက်များ ရယူရန်နှင့် စီမံကိန်းတွင် လိုအပ်သည်များကို ဖြည့်သွင်းရန်တို့ ဖြစ်ပါသည်။

AIRBM စီမံကိန်းသည် ဧရာဝတီမြစ်ဝှမ်းနှင့် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များဆိုင်ရာ ဘက်စုံဖြစ်သော ၊ ရာသီဥတုဒဏ်ခံ ကြံ့ကြံ့ခံနိုင်သော စီမံခန့်ခွဲမှုနှင့် ၎င်းတို့၏ ဖွံ့ဖြိုးမှုကို အားကောင်းစေရန် မြန်မာနိုင်ငံအစိုးရအား ထောက်ပံ့ပေးမည့် အစီအစဥ် တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ စီမံကိန်း ပထမအဆင့်တွင် ဧရာဝတီမြစ်ဆိုင်ရာ ဘက်စုံပေါင်းစည်း မြစ်ဝှမ်းစီမံခန့်ခွဲမှု အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် စည်းမျဥ်းသတ်မှတ်မှုများနှင့် နည်းလမ်းများ ဖော်ထုတ်ရေး ၊ အသက်မွေးဝမ်းကြောင်းများနှင့် ဝမ်းရေးဖူလုံမှုအတွက် အကျိုးရှိစေမည့် ရေကြောင်းသွားလာမှု ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မှု ၊ မိုးလေဝသ သတိပေးချက်နှင့် အကြံပေး ဝန်ဆောင်မှုများကို လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

AIRBM စီမံကိန်းကို ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေဖြင့် ထောက်ပံ့သွားမှာဖြစ်ပြီး ပို့ဆောင်ရေး ဝန်ကြီးဌာန လက်အောက်ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DWIR) နှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (DMH) တို့က အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။ ပါဝင်သက်ဆိုင်သူများ (Stakeholders) ၊ စီမံကိန်းကြောင့် တိုက်ရိုက် အကျိုးခံစား ရသူများသည် ရေကိုမှီခိုအားထားနေရသော ကဏ္ဍများနှင့် ရေကြောင့်ထိခိုက်နစ်နာနိုင်သော အဖွဲ့ အစည်းများတွင် ပါဝင်ပါသည်။

AIRBM စီမံကိန်းအကြောင်း နောက်ထပ်အချက်အလက်များဖြစ်သည့် စီမံကိန်းအချက်အလက် စာရွက်စာတမ်း (PID) ၊ ဘက်ပေါင်းစုံဘေးရန်ကာကွယ်ရေး အချက်အလက် စာတမ်း (ISDS) ၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံမူဘောင်ကြမ်း (ESMF)၏ စီမံကိန်းရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံများအတွက် (အင်္ဂလိပ်/မြန်မာ) နှစ်ဘာသာဖြင့် ပြန်ဆိုပြီးဖြစ်သော စာရွက်စာတမ်း များကို (http: //dwir.coffeecup.com)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံမူဘောင် (ESMF)၏ ရည်ရွယ်ချက်မှာ အဆိုပါစီမံကိန်း အကောင် အထည်ဖော်ရာတွင် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်မှုရှိနိုင်သည့် လူများနှင့်ပတ်သက်ပြီး အပြည့်အဝ ဆွေးနွေးတိုင်ပင်မှု သေချာစေရန် လုပ်ထုံးလုပ်နည်းများကို ဖော်ပြရန်နှင့် စီမံကိန်းတွင် ဘေးအန္တရာယ်မှ ကာကွယ်ရေး အကြောင်းအရာများ (သဘာဝပတ်ဝန်းကျင်/လူမှု စသည်)ကို ညွှန်ပြသွားမှာဖြစ်ပြီး ကမ္ဘာ့ဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ လျော့ပါးစေအောင် လုပ်ဆောင်သွားမည်ဖြစ်သည်။ ဆွေးနွေးပွဲ ပြီးပါက ဆွေးနွေးပွဲ အကျဉ်းချုပ်များကို ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

လူကြီးမင်းတို့အား အစည်းအဝေးတွင် လာရောက်ပါဝင်ဆွေးနွေးရန် ကျွန်တော်တို့မှ ဖိတ်ကြား အပ်ပါသည်။ အစည်းအဝေးတက်ရောက်ရန်အတွက် ဦးကျော်စိုးလင်း (klynn@worldbank.org) နှင့် ဦးတိုးအောင်လင်း (kotoegyi.dwir@gmail.com)သို့ မေလ(၁၂)ရက် ၊ တနင်္လာနေ့ကို နောက်ဆုံး ထားပြီး တက်ရောက်မည်ဖြစ်ကြောင်းကို အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ထွန်းလွင်ဦး

ညွှန်ကြားရေးမှူးချုပ်